ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
(ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)
နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့
၁၃၈၅ ခုနှစ် ပြာသိုလဆန်း ၁၁ ရက်
(၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်)
လေလံကြော်ငြာစာအမှတ်( ၁ /၂၀၂၄ )

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် (၁.၄.၂၀၂၃ မှ ၃၁.၃.၂၀၂၄အထိ) တစ်နှစ်တာ ကာလအပိုင်းအခြားအတွက် နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အခေါင်ဆိုင် လိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ သားသတ်အခွင့်အရေးလိုင်စင်များအား အညီအမျှ ခွဲဝေချထားခြင်းစနစ်ဖြင့်လည်းကောင်း၊ အခြားလိုင်စင်များအားဈေးပြိုင်စနစ်ဖြင့်လည်းကောင်း အောက်ပါ အစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်-

| စဉ် | ရောင်းချမည့် အစီအစဉ် | အချုပ်ချုပ်အခွင့်အရေးလိုင်စင်များ ရောင်းချမည့်နေ့ရက်သတ်မှတ်ချက် | အချုပ်ချုပ်အခွင့်အရေးလိုင်စင်များ မှတ်ပုံတင်ရမည့်နေ့ရက်သတ်မှတ်ချက်များ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပထမအကြိမ် | ၁၆.၁.၂၀၂၄(တနင်္လာနေ့) နံနက်(၁၀း၀၀)နာရီ | ၁၉.၁.၂၀၂၄(သောကြာနေ့) ညနေ(၁၄း၀၀)နာရီ | |
| ၂။ | ဒုတိယအကြိမ် | ၂၃.၁.၂၀၂၄(တနင်္လာနေ့) နံနက်(၁၀း၀၀)နာရီ | ၂၆.၁.၂၀၂၄(သောကြာနေ့) ညနေ(၁၄း၀၀)နာရီ | |
| ၃။ | တတိယအကြိမ် | ၁.၂.၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီ | ၃၀.၁.၂၀၂၄(အင်္ဂါနေ့) ညနေ(၁၄း၀၀)နာရီ | |
| ၄။ | နိုတ်ပိတ်တင်ဒါ | ၈.၂.၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီ | ၆.၂.၂၀၂၄(အင်္ဂါနေ့) ညနေ(၁၄း၀၀)နာရီ | |
| ၅။ | အခြားနည်း | ၁၅.၂.၂၀၂၄(ဗုဒ္ဓဟူးနေ့) နံနက်(၁၀း၀၀)နာရီ | ၁၃.၂.၂၀၂၄(အင်္ဂါနေ့) ညနေ(၁၄း၀၀)နာရီ | |

လေလံရောင်းချမည့်နေရာ - နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး

၂။ လေလံဆွဲယူလိုသူသည် လေလံလျှောက်လွှာတစ်စောင်လျှင် (၁၅၀၀၀/-)(ကျပ်တစ်သောင်းငါးထောင်တိတိ/-)ပေးသွင်း၍ လိုင်စင်လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများအား တပါတည်း ပူးတွဲတင်ပြရမည်

(က) နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ

(ခ) ယခင အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)

(ဂ) သက်ဆိုင်ရာပြည်တွင်းအခွန်ဦးစီးဌာန၏အခွန်အခများကင်းရှင်းကြောင်း ထောက်ခံချက်

(ဃ) အမှုအခင်းကင်းရှင်းကြောင်းသက်ဆိုင်ရာနယ်မြေရဲစခန်း၏ထောက်ခံချက်

(င) စားပွဲတင်အာမခံငွေ ပေးသွင်းထားသည့် အထောက်အထား ငွေထုတ်ယူခွင့်အမိန့်

(POP) (Payment Order Private)

၃။ **အောက်ပါပုဂ္ဂိုလ်များအား လေလံဆွဲဝယ်ခွင့်ပြုမည်မဟုတ်ပါ။**

(က) နာမည်ပျက်စာရင်း တင်သွင်းကြေငြာ၍ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက်လေလံဆွဲဝယ်ခွင့် ပိတ်ပင်ခံထားရသူများနှင့်အတူနေ အိမ်ထောင်စုစာရင်းဝင်ပုဂ္ဂိုလ်များ၊ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း လိုင်စင်ပိတ်သိမ်းခံရသူများ၊

(ခ) လိုင်စင်ရောင်းချချိန်တွင် လိုင်စင်အရစ်ကျငွေနှင့်ရက်လွန်ဒဏ်ကြေးပေး ဆောင်ရန်နှင့် အခြားအခွန်အခအကောက်ကြေးကျန်ရှိ သူများ၊

(ဂ) စည်းကမ်းပါသတ်မှတ်ချက်အရ တင်ပြရမည့်စာရွက်စာတမ်းအထောက် အထားများ ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသူများ၊

၄။ အရက်ချက်အခွင့်အရေးလုပ်ငန်းလိုင်စင်လေလံဝင်ရောက်ဆွဲဝယ်ရာတွင် အညီအမျှခွဲဝေချထားပေးခြင်း စနစ်/သက်တမ်းတိုးစနစ်/ဈေးပြိုင်စနစ်ဖြင့် လေလံအောင်မြင်စွာ ဆွဲဝယ်ရရှိပါက ပေးသွင်းရမည့်လေလံကြေး (၅)ပုံ(၁)ပုံ (သို့မဟုတ်) (၂)ပုံ(၁)ပုံ (တိုင်းဒေသကြီးပြင်ပ)အကြေပေးသွင်းရန် သတ်မှတ်သည့် လိုင်စင်ကြေးငွေအား (၃. ၄. ၂၀၂၃)ရက်နေ့ နောက်ဆုံးထားပေးသွင်းရမည်။ လေလံအောင်မြင်သူများ၏ လေလံကြေးငွေ (၁၀)ပုံ (၁)ပုံ အာမခံငွေအား လေလံအောင်မြင်စွာ ဆွဲဝယ်ရရှိပြီးသည်နှင့် တပြိုင်နက်ထဲ စားပွဲတင်အာမခံငွေအဖြစ် တင်သွင်းထားသည့် ငွေထုတ်ယူခွင့်အမိန့် (POP) မှ ခုနှိမ်ပေးသွင်းနိုင်သည်။ လေလံအောင်မြင်သူများသည် မရွှေ့မပြောင်း နိုင်သော ပစ္စည်းအာမခံတင်သွင်းပါက မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဖိုး၏ (၅)ပုံ(၁)ပုံနှင့် ညီမျှသော ငွေသား (သို့မဟုတ်) ငွေစုစာအုပ်တင်ပြရမည်၊ တိုင်းဒေသကြီးပြင်ပမှ လေလံအောင်မြင်သူဖြစ်ပါက မရွှေ့မပြောင်းနိုင်သော အာမခံပစ္စည်းတင်သွင်းလျှင် မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဖိုး၏ (၂)ပုံ(၁)ပုံနှင့်ညီမျှသည် ငွေသား(သို့မဟုတ်) ငွေစုစာအုပ်ကို တင်ပြရမည်။ မည်သည့် လိုင်စင်ကိုမဆို မရွှေ့မပြောင်းနိုင်သောပစ္စည်း အာမခံတင်သွင်းခြင်းမပြုနိုင်ပါက မိမိဆွဲဝယ်ရရှိသော လိုင်စင်တန်ဖိုးနှင့် ညီမျှသောငွေသား(သို့မဟုတ်)ငွေစုစာအုပ်ကို တင်ပြရမည်၊ လေလံမအောင်မြင်သူများ၏ စားပွဲတင်အာမခံငွေများကို လေလံပွဲပြီးဆုံးပြီး(၁၀)ရက်အကြာမှပြန် လည်ထုတ်ပေး မည်ဖြစ်သည်။

၅။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာများအား သတ်မှတ်ချိန်ထက်နောက်ကျတင်သွင်းခြင်း နှင့် သတ်မှတ်ထားသည့် အချက်အလက်များ ပြည့်စုံမှန်ကန်မှုမရှိပါက လေလံရောင်းချရေးအဖွဲ့မှလက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ လိုင်စင်ဆွဲဝယ်ခွင့်လျှောက်လွှာတင်သွင်းပြီးနောက် လေလံယှဉ်ပြိုင်ရန်အတွက်လေလံ ခန်းမအတွင်း ဝင်ရောက်ခြင်းမရှိသူများအားလည်းကောင်း၊ လေလံခန်းမအတွင်း လေလံတစ်ခုခြင်း စီအား(၃)ကြိမ်ထက်မနည်း ယှဉ်ပြိုင်မှုမရှိပါကလည်းကောင်း၊ တင်သွင်းထားသော စားပွဲတင်အာမခံငွေကို အဖွဲ့ပိုင် အဖြစ်သိမ်းယူပြီးအမည်ပျက်စာရင်းတင်သွင်းမည်ဖြစ်သည်။

၇။ လေလံယှဉ်ပြိုင်ရာတွင် ပန်းကြေးရယူတောင်းခံကြောင်း တိကျစွာဖော်ထုတ်ရရှိပါက ပန်းကြေးပေး သူနှင့်ပန်းကြေးရယူသူနှစ်ဦးစလုံးအားလေလံဆွဲဝယ်ခွင့်ကို ရုပ်သိမ်းပြီးတို့အားနာမည်ပျက်စာရင်း တင်သွင်းကြေညာ၍လေလံကိုအသစ်တစ်ဖန်ပြန်လည်ရောင်းချမည်ဖြစ်သည်။

၈။ လေလံဆွဲဝယ်ယူပြီးသူတစ်ဦးတစ်ယောက်သည် လေလံဆွဲဝယ်ရရှိသည့်တိုင် ငွေအနေဖြင့်လေလံဆွဲဝယ်ရာတွင်သတ်မှတ်ထားသောလေလံစည်းကမ်းနှင့်မကိုက်ညီဘဲမမှန်မကန်လိမ်ညာ၍ဆွဲဝယ်ရရှိခြင်းဖြစ်ကြောင်း ခိုင်လုံစွာစစ်ဆေးတွေ့ရှိရပါက လေလံချထားခြင်းကို ပြန်လည်ရုပ်သိမ်း၍ အမည်ပျက်စာရင်းတင်သွင်းသတ်မှတ်မည် ဖြစ်သည်။

၉။ လိုင်စင်ဆွဲဝယ်လုပ်ကိုင်ခွင့်ရရှိသူသည် လေလံကြေးငွေကျပ်သိန်း(၂၀)နှင့် အောက် ဖြစ်ပါက လေလံကြေးငွေအား တစ်ကြိမ်တည်း အပြေအကြေပေးသွင်းရမည်။

၁၀။ လိုင်စင်ဆွဲဝယ်လိုသူများသည် ဆွဲဝယ်လိုသောလိုင်စင်အတွက်အဖွဲ့မှသတ်မှတ်ပေး ထားသည့်လျှောက်လွှာပုံစံတစ်စောင်စီကို အပိုဒ်(၁)ပါသတ်မှတ်ရက်(၁)ရက်စော၍ ရုံးချိန်အတွင်း နောက်ဆုံးထားလျှောက်ထားပြီး ဆွဲဝယ်ခွင့်မှတ်ပုံတင်ရမည်။ လျှောက်လွှာတင်သွင်းရမည့် နေ့ရက် အချိန်ထက်ကျော်လွန်၍လျှောက်လွှာတင်သွင်းခြင်းကို သာမန်အားဖြင့်လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ လေလံရောင်းချသည့်နေ့တွင်မပြီးစီးဘဲကျန်နေပါကနောက်တစ်ရက်တွင်ဆက်လက်လေလံရောင်းချမည်ဖြစ်ပါသည်။

၁၂။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အရပ်ရပ်အခွင့်အရေးလုပ်ငန်းလိုင်စင်များ လေလံ တင်ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါကမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး သို့ တယ်လီဖုန်း အမှတ်(၀၅၃-၃၆၀၃၄)အား ရုံးအချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
(တန်ရှိန်း၊လက်ထောက်ညွှန်ကြားရေးမှူး)

စာအမှတ်၊ ၀၀၁ / ယ-၂ / နတလ (၀၀၁)
ရက်စွဲ ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ လ ၁ ရက်

**ဖြန့်ဝေခြင်း**

ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်စည်ပင်သာယာရေးအဖွဲ့များအားလုံး၊
ဌာနဆိုင်ရာများအားလုံး
အုပ်ချုပ်ရေးမှူး------------ရပ်ကွက်၊ကျေးရွာအုပ်စု(ကြော်ငြာသင်ပုန်းများတွင်ကြော်ငြာရန်)
၂၀၂၂-၂၀၂၃ခုဘဏ္ဍာရေးနှစ်လိုင်စင်ဆွဲဝယ်ရရှိသူများအားလုံး
ဈေးတာဝန်ခံများ (မြို့မဈေး၊တာပွန်ဈေး၊အောင်မြင်သာဈေး)

မိတ္တူကို

ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့
ခရိုင်အုပ်ချုပ်ရေးမှူး၊ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊နတ်တလင်းမြို့
မြို့နယ်အုပ်ချုပ်ရေးမှူး၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊နတ်တလင်းမြို့
ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ နတ်တလင်းမြို့
သက်ဆိုင်ရာလေလံအမှတ်တွဲ
လက်ခံစာတွဲ
မျှောစာတွဲ

နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အတွက် ရောင်းချမည့်
အရပ်ရပ်အခွန်အခရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကြမ်းခင်းဈေး | POP ဖြင့်တင်သွင်းရမည့် စားပွဲတင်အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| | **အညီအမျှခွဲဝေချထားပေးခြင်းစနစ်ဖြင့်** | | | |
| | **ရောင်းချမည့်လိုင်စင်များ** | | | |
| ၁ | မြို့မအမဲ | ၁၅၁၈၀၀၀၀ | ၇၅၉၀၀၀၀ | |
| ၂ | ဒမငယ်အမဲ | ၂၄၂၀၀၀၀ | ၁၂၁၀၀၀၀ | |
| ၃ | လှပခြင်း/ပွဲသာအမဲ | ၅၈၃၀၀၀၀ | ၂၉၁၅၀၀၀ | |
| ၄ | မြို့မဝက် | ၂၀၄၆၀၀၀၀ | ၁၀၂၃၀၀၀၀ | |
| ၅ | တာပွန်ဝက် | ၁၁၂၂၀၀၀၀ | ၅၆၁၀၀၀၀ | |
| ၆ | လှပခြင်းဝက် | ၆၀၅၀၀၀၀ | ၃၀၂၅၀၀၀ | |
| ၇ | ပွဲသာဝက် | ၈၈၀၀၀၀ | ၄၄၀၀၀၀ | |
| ၈ | ဒမငယ်ဝက် | ၁၄၃၀၀၀၀၀ | ၇၁၅၀၀၀၀ | |
| ၉ | တောင်ညှိုဝက် | ၃၆၃၀၀၀၀ | ၁၈၁၅၀၀၀ | |
| ၁၀ | မြို့မဆိတ် | ၃၇၄၀၀၀၀ | ၁၈၇၀၀၀၀ | |
| ၁၁ | ထောက်ကြံ့ကွင်းဝက် | ၇၇၀၀၀၀ | ၃၈၅၀၀၀ | |
| ၁၂ | တာပွန်အမဲ | ၄၆၈၆၀၀၀ | ၂၃၄၃၀၀၀ | |
| | **သက်တမ်းတိုးစနစ်ဖြင့်ရောင်းချမည့်** | | | |
| | **လိုင်စင်များ** | | | |
| ၁၃ | မြို့မအပေါင်ဆိုင်-၁ | ၁၃၉၂၀၀၀ | ၆၉၆၀၀၀ | |
| ၁၄ | မြို့မအပေါင်ဆိုင်-၂ | ၁၃၂၀၀၀၀ | ၆၆၀၀၀၀ | |
| ၁၅ | မြို့မအပေါင်ဆိုင်-၃ | ၁၃၂၀၀၀၀ | ၆၆၀၀၀၀ | |
| ၁၆ | မြို့မအပေါင်ဆိုင်-၄ | ၁၄၆၅၀၀၀ | ၇၃၂၅၀၀ | |
| ၁၇ | ဗိုးကုန်းကလေးအပေါင်ဆိုင်-၂ | ၁၃၂၀၀၀၀ | ၆၆၀၀၀၀ | |
| ၁၈ | ဗိုးကုန်းကလေးအပေါင်ဆိုင်-၃ | ၁၃၉၂၀၀၀ | ၆၉၆၀၀၀ | |
| ၁၉ | သာစည်အပေါင်ဆိုင်-၁ | ၁၃၉၂၀၀၀ | ၆၉၆၀၀၀ | |
| ၂၀ | ရွာမအပေါင်ဆိုင်-၁ | ၁၄၂၈၀၀၀ | ၇၁၄၀၀၀ | |
| ၂၁ | ရွာမအပေါင်ဆိုင်-၂ | ၁၄၀၃၀၀၀ | ၇၀၁၅၀၀ | |
| ၂၂ | ရွာမအပေါင်ဆိုင်-၃ | ၁၄၀၃၀၀၀ | ၇၀၁၅၀၀ | |
| ၂၃ | တာပွန်အပေါင်ဆိုင်(၁) | ၁၂၉၈၀၀၀ | ၆၄၉၀၀၀ | |
| ၂၄ | တာပွန်အပေါင်ဆိုင်-၃ | ၁၃၂၇၀၀၀ | ၆၆၃၅၀၀ | |
| ၂၅ | တာပွန်အပေါင်ဆိုင်-၄ | ၁၃၂၇၀၀၀ | ၆၆၃၅၀၀ | |
| ၂၆ | တာပွန်အပေါင်ဆိုင်-၅ | ၁၃၃၉၀၀၀ | ၆၆၉၅၀၀ | |

| စဉ် | လိုင်စင်အမည် | ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကြမ်းခင်းဈေး | POP ဖြင့်တင်သွင်းရမည့် စားပွဲတင်အာမခံငွေ | မှတ်ချက် |
|---|---|---|---|---|
| ၂၇ | တာပွန်အပေါင်ဆိုင်-၇ | ၁၃၆၄၀၀၀ | ၆၈၂၀၀၀ | |
| ၂၈ | လှပခြင်းအပေါင်ဆိုင် | ၁၁၂၂၀၀၀ | ၅၆၁၀၀၀ | |
| ၂၉ | တောင်ညှိအပေါင်ဆိုင် | ၁၂၄၅၀၀၀ | ၆၂၂၅၀၀ | |
| ၃၀ | ကြို့လေးပင်အပေါင်ဆိုင် | ၁၂၄၅၀၀၀ | ၆၂၂၅၀၀ | |
| ၃၁ | တံခွန်တိုင်အပေါင်ဆိုင် | ၁၁၂၂၀၀၀ | ၅၆၁၀၀၀ | |
| | **ဈေးပြိုင်စနစ်ဖြင့်ရောင်းချမည့်** | | | |
| | **လိုင်စင်များ** | | | |
| ၃၂ | မြို့မဈေးကောက် | ၁၄၃၀၀၀၀၀ | ၇၁၅၀၀၀၀ | |
| ၃၃ | တာပွန်ဈေးကောက် | ၃၁၉၀၀၀၀ | ၁၅၉၅၀၀၀ | |
| ၃၄ | အေးငြိမ်းသာအာရုဏ်ဈေးဈေးကောက် | ၈၂၅၀၀၀၀ | ၄၁၂၅၀၀၀ | |
| ၃၅ | လှပခြင်းဈေးကောက် | ၁၄၃၀၀၀၀ | ၇၁၅၀၀၀ | |
| ၃၆ | မင်းလမ်းစက်ဘီးဂိတ် | ၂၀၄၀၀၀၀ | ၁၀၂၀၀၀၀ | |
| ၃၇ | ဈေးလမ်းစက်ဘီးဂိတ် | ၁၈၁၅၀၀၀ | ၉၀၇၅၀၀ | |
| ၃၈ | အေးငြိမ်းသာအာရုဏ်ဈေးစက်ဘီးအပ် | ၄၄၅၅၀၀၀ | ၂၂၂၇၅၀၀ | |
| ၃၉ | ယာဉ်ရပ်နားခွန် | ၅၅၀၀၀၀ | ၂၇၅၀၀၀ | |
| ၄၀ | မြို့မဈေးအိမ်သာကောက် | ၃၉၇၁၀၀၀ | ၁၉၈၅၅၀၀ | |
| | **စုစုပေါင်း** | **၁၅၄၃၉၁၀၀၀** | **၇၇၁၉၅၅၀၀** | |